# ကိုယ်ရေး အချက်အလက်မူဝါဒ

METRO CARING
ENDING HUNGER AT ITS ROOT
TERMINAR LAS CAUSAS PROFUNDAS DEL HAMBRE

### ကိုယ်ရေးလုံခြုံမှုဆိုင်ရာ ကျွန်ုပ်တို့၏ ကတိကဝတ်

သင်၏ ကိုယ်ရေးလုံခြုံမှုက ကျွန်ုပ်တို့အတွက် အရေးကြီးပါသည်။ သင်၏ ကိုယ်ရေးလုံခြုံမှုကို ကာကွယ်ရန် ကျွန်ုပ်တို့၏ အွန်လိုင်း အချက်အလက် ကျင့်ထုံးများအပြင် သင့်အချက်အလက်များ စုဆောင်းပြီး အသုံးပြုသည့်နည်းလမ်းနှင့် ပတ်သက်၍ သင်ပြုလုပ်နိုင်သည့် ရွေးချယ်မှုများကို ရှင်းပြသည့် ဤအသိပေးချက်ကို ကျွန်ုပ်တို့ ဖော်ပြပေးပါသည်။ ဤသတိပေးချက်ကို အလွယ်တကူ မြင်တွေ့နိုင်စေရန်အလို့ငှာ ၎င်းကို ကျွန်ုပ်တို့၏ ဝဘ်ဆိုက်အပြင် ကိုယ်ရေးကိုယ်တာအရမည်သူမည်ဝါခွဲခြားသိနိုင်သည့်နေရာများတွင် ထည့်သွင်းထားပါသည်။

### ကျွန်ုပ်တို့ စုဆောင်းသည့် အချက်အလက်များ

ဤသတိပေးချက်သည် သင်က ဝန်ဆောင်မှုများအတွက် ရက်ချိန်းပြုလုပ်ချိန်၊ အတန်း သို့မဟုတ် ပရိုဂရမ်တစ်ခုအတွက် စာရင်းသွင်းချိန်၊ လှူဒါန်းချိန်၊ စေတနာ့ဝန်ထမ်းအဖြစ် စာရင်းသွင်းချိန်၊ ကျွန်ုပ်တို့၏ သတင်းလွှာများအပြင် အခြားစိတ်ဝင်စားဖွယ် အခွင့်အလမ်းများအတွက် စာရင်းသွင်းချိန် အပါအဝင် Metro Caring က စုဆောင်းသည့် သို့မဟုတ် ၎င်းထံသို့ တင်သွင်းသည့် အချက်အလက်အားလုံးနှင့် သက်ဆိုင်ပါသည်။ အခြေအနေအများစုတွင် သင်သည် အချို့သော လူဦးရေ ဒေတာများ မျှဝေခြင်းကို ရှောင်ဖယ်ရန် "မပြောလိုပါ" ကို ရွေးချယ်နိုင်သည်။ စုဆောင်းထားသည့် အချက်အလက် အမျိုးအစားများတွင် အောက်ပါတို့ ပါဝင်နိုင်သည်-

- အမည်
- မွေးနေ့
- လိပ်စာ
- အီးမေးလ် လိပ်စာ
- ဖုန်းနံပါတ်
- လူမျိုး
- တိုင်းရင်းသား
- လိင်
- နာမ်စားများ
- နှစ်သက်လိုလားသော ဘာသာစကား
- စစ်မှုထမ်းဟောင်းဖြစ်ခြင်း
- မသန်စွမ်းဖြစ်ခြင်း
- အိမ်ရာအခြေအနေ
- ခရက်ဒစ်/ဒက်ဘစ်ကတ် အချက်အလက်များ (လှူဒါန်းမှုပြုလုပ်ခြင်းအတွက်သာ)

### ကျွန်ုပ်တို့က အချက်အလက်များကို အသုံးပြုသည့်နည်းလမ်း

ကျွန်ုပ်တို့သည် လူဦးရေဒေတာများကို အဓိကအားဖြင့် အစိုးရရုံးများနှင့် ဖောင်ဒေးရှင်းများကဲ့သို့ ခွင့်ပြုချက်ရထားသော အေဂျင်စီများထံသို့ အစီရင်ခံတင်ပြခြင်းအတွက်သာ အသုံးပြုပါသည်။ ဒေတာများကို ပေါင်းရုံး၍ အစီရင်ခံတင်ပြသည့်ဖြစ်၍ သင်၏ ကိုယ်ရေး အချက်အလက် (သင့်အမည်၊ လိပ်စာ သို့မဟုတ် ဆက်သွယ်ရန် အချက်အလက်ကဲ့သို့) ကို ထောက်ပံ့ကြေး အစီရင်ခံတင်ပြခြင်းတွင် ကျွန်ုပ်တို့ မျှဝေသည့် လူဦးရေ အချက်အလက်များနှင့် မည်သည့်အခါမျှ နှောင်ဖွဲ့ထားမည်မဟုတ်ပါ။ ဥပမာ၊ ကျွန်ုပ်တို့သည် စပိန်နွယ်ဖွား/လက်တင်အမေရိကနွယ်ဖွားအဖြစ် မိမိကိုယ်ကို ခွဲခြားဖော်ပြသည့် ကျွန်ုပ်တို့၏ အာဟာရ အတန်း ပါဝင်ဆောင်ရွက်သူများ၏ **50%** ကို မျှဝေနိုင်သော်လည်း ကျွန်ုပ်တို့သည် ပါဝင်ဆောင်ရွက်သူ လူများ၏အမည်စာရင်းကို မည်သည့်အခါမျှ မျှဝေမည်မဟုတ်ပါ။

ဆက်သွယ်ရန် အချက်အလက် **(**အီးမေးလ်၊ ဖုန်းနံပါတ်**)** ကဲ့သို့ အခြား အချက်အလက်များကို **Metro Caring** ပြင်ပတွင် မည်သည့်အခါမျှ မျှဝေခြင်းမပြုပါ။ ကျွန်ုပ်တို့သည် အချက်အလက်များကို အကြောင်းရင်းတစ်ခုခုဖြင့် အခြားအဖွဲ့အစည်းများ သို့မဟုတ် လုပ်ငန်းများသို့ ရောင်းချခြင်းမပြုပါ။ ကျွန်ုပ်တို့သည် လှူဒါန်းမှုကို အပြီးသတ်ရန် လိုအပ်သည့် အတိုင်းအတာအထိမှလွဲ၍ ငွေကြေးလှူဒါန်းမှုနှင့်ဆက်စပ်သော အချက်အလက်များကို ပြင်ပအဖွဲ့အစည်းများထံသို့ မျှဝေခြင်းမပြုပါ။

### ဒေတာ လုံခြုံရေးအတွက် ကျွန်ုပ်တို့၏ ကတိကဝတ်

ခွင့်ပြုချက် မရှိဘဲ ဝင်ရောက်သုံးစွဲမှုကို တားဆီးရန်၊ ဒေတာတိကျမှုကို ထိန်းသိမ်းထားရန်နှင့် အချက်အလက်များကို နည်းလမ်းမှန်စွာ အသုံးပြုကြောင်း သေချာစေရန်၊ ကျွန်ုပ်တို့သည် အွန်လိုင်းတွင် ကျွန်ုပ်တို့စုဆောင်းသည့် အချက်အလက်များကို ကာကွယ်ပြီး လုံခြုံစွာထားရန် သင့်လျော်သော ရုပ်ပိုင်းဆိုင်ရာ၊ အီလက်ထရွန်နစ်ဆိုင်ရာနှင့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ထုံးများကို ချမှတ်ထားပါသည်။ သင်၏ ဒေတာများကို ပြင်ပအဖွဲ့အစည်း ဆော့ဖ်ဝဲကို အသုံးပြု၍ သိမ်းဆည်းထားနိုင်ပါသည်။

### သင်၏ ဒေတာများအတွက် သင်၏ အခွင့်အရေးများ

သင်သည် ကိုယ်ရေး ဒေတာများကို ဝင်ရောက်သုံးစွဲခွင့်၊ ရွှေ့ပြောင်းနိုင်သော မိတ္တူရယူပိုင်ခွင့်၊ ပြင်ဆင်ပိုင်ခွင့်၊ ဖျက်ပစ်ပိုင်ခွင့်အပြင် ထုတ်ပြောခြင်းမှ ရှောင်ဖယ်နေပိုင်ခွင့် ရှိပါသည်။ သင်သည် သင်၏ ဒေတာများကို အွန်လိုင်းတွင်ဖြစ်စေ သို့မဟုတ် ဝန်ထမ်းအဖွဲ့ဝင်တစ်ဦးနှင့် စကားပြောခြင်းဖြင့်ဖြစ်စေ ဝင်ရောက်သုံးစွဲရန်၊ ပြင်ဆင်ရန် သို့မဟုတ် ဖျက်ပစ်ရန် တောင်းဆိုချက်ကို တင်ပြနိုင်ပါသည်။